Slade Property
SERVICES

သတင်းထုတ်ပြန်ချက်

ချက်ချင်းထုတ်ပြန်ရန်

# မြန်မာနိုင်ငံဆိုင်ရာသြစတြေးလျသံရုံးနှင့်ရုံးခန်းငှားရမ်းမှု စာချုပ်ချုပ်ဆိုပြီးစီးခြင်း

၂၀၁၅ ခုနှစ် ၊ နိုဝင်ဘာလ ( ၁၁ ) ၊ ရန်ကုန် – Myint & Associates Construction Company Limited သည် ၎င်း၏အိမ်ခြံမြေဆိုင်ရာစီမံကိန်း တစ်ခုဖြစ်သည့်Vantage Tower တွင် အဓိကငှားရမ်းသူအဖြစ် မြန်မာနိုင်ငံဆိုင်ရာသြစတြေးလျသံရုံးနှင့် ရုံးခန်းငှားရမ်းရေးစာချုပ်ကို အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့ပြီ ဖြစ်ပါသည်။

Canberra တွင် တည်ရှိသော Department of Foreign Affairs and Trade of the Government of the Commonwealth of Australia နှင့် ညှိနှိုင်းဆွေးနွေးမှု ပြီးစီးသည့်နောက်တွင် ရုံးခန်းငှားရမ်းရေးစာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီး သြစတြေးလျသံရုံးသည် လက်ရှိတည်ရှိရာ ကမ်းနားလမ်းမှVantage Tower ၏ အထပ် ( ၁၁ )မှ ( ၁၄ ) အထိ တည်ရှိသည့် ရုံးခန်းသစ်သို့ ပြောင်းရွှေ့ဖွင့်လှစ်တော့မည် ဖြစ်ပါသည်။ စတုရန်းပေအကျယ်အဝန်း (၃၃,၃၆၁) ရှိ ထိုနေရာသစ်တွင် ၎င်း၏ ကောင်စစ်ဝန်လုပ်ငန်းများ၊ ရုံးခန်းများ၊ သံတမန်ရေးရာလုပ်ငန်းများနှင့်ဆေးဝါးကုသဆောင်တစ်ခု တို့ကိုဖွင့်လှစ်သွားရန် ရည်ရွယ်ထားပါသည်။



စတုရန်းပေ (၂၃၆,၁၄၄) ကျယ်ဝန်းပြီး ဘက်စုံသုံးအဆောက်အဦဖြစ်သည့် Vantage Tower သည် ယခုအခါ အဆောက်အအုံ ဆောက်လုပ်ပြီးစီးကြောင်းလက်မှတ်( Building Completion Certificate ) ကို ရရှိခဲ့ပြီးဖြစ်၍

Company Name: Slade Property Services (Myanmar) Ltd
Registered Address: Unit #1-05, MWEA Tower, 288/290 Shwedagon Pagoda Road, Dagon Towsnhip, Yangon, Myanmar
Phone Number: +95 (0) 1 381 609
Permit Number: 960 FC
Date of Incorporation: 13th March 2014

ရုံးခန်းငှားရမ်းဖွင့်လှစ်လိုသူများအတွက် အဆင်သင့်ဖြစ်နေပြီဖြစ်ပါသည်။ အင်းယားလမ်းနှင့် ပြည်လမ်းဆုံတွင် တည်ရှိ၍ ရန်ကုန်မြို့၏ အလှပဆုံးမြင်ကွင်းတစ်ခုဖြစ်သည့် အင်းယားကန်၏ အနောက်ဘက်အစိတ်အပိုင်းကို လှမ်းမျှော်တွေ့မြင်ရသည့် VantageTower သည် မကြာသေးခင်က ပထမဆုံးအကြိမ်ကျင်းပသည့် ၂၀၁၅ ခုနှစ် မြန်မာ့အိမ်ခြံမြေဆုချီးမြှင့်ပွဲ (2015 Myanmar Property Awards) တွင် Best Office Development ဆု၊Best Office Architectural Design ဆုနှင့် Best Commercial Development (Myanmar ) ဆုများကိုဆွတ်ခူးခဲ့ပါသည်။

Vantage Tower ၏ တရားဝင်အိမ်ခြံမြေကိုယ်စားလှယ်ဖြစ်သော Slade Property Services ၏ Managing Director ဖြစ်သော Mr. Hugo Slade က

"ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံဆိုင်ရာသြစတြေးလျသံရုံးနဲ့အခုငှားရမ်းမှုစာချုပ်ကို အောင်အောင်မြင်မြင်ချုပ်ဆိုနိုင်ခဲ့တဲ့အတွက် အလွန်ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။Vantage Tower ကို သြစတြေးလျသံရုံးက ရွေးချယ်ရခြင်းအကြောင်းရင်းတွေကတော့အချက်အချာကျတဲ့နေရာမှာ တည်ရှိခြင်း၊ အဆင့်မြင့်အဆောက်အအုံတစ်ခု၏ အရည်အချင်းများရှိခြင်း၊ အမေရိကန်အခြေစိုက် Uptime Institute ရဲ့ Tier III အသိအမှတ်ပြု ကျွန်တော်တို့ရဲ့ M&A Data Centre မှာ ရရှိနိုင်တဲ့တစ်ရာရာခိုင်နှုန်းပြည့်အရံလျှပ်စစ်ဓာတ်အား ၊ မြန်နှုန်းမြင့် Fibre-optic အင်တာနက်ချိတ်ဆက်မှုအစရှိသဖြင့် ကမ္ဘာ့အဆင့်မီပံ့ပိုးမှုအင်္ဂါရပ်တွေ ပါဝင်ခြင်းတို့ ဖြစ်ပါတယ်။ ဒါ့အပြင့် မြန်မာနိုင်ငံမှာ လုံခြုံစိတ်ချရမှုအရှိဆုံး အဆောက်အဦတစ်ခုဖြစ်လာစေမဲ့ နည်းပညာမြင့် အဆောက်အဦစီမံခန့်ခွဲမှုစနစ်နဲ့ လုံခြုံရေးစနစ်တို့ကိုလည်း ထည့်သွင်းအကောင်အထည်ဖော်လျက်ရှိနေခြင်းကြောင့် ဖြစ်ပါတယ်။" ဟု ပြောပါသည်။

ဆက်လက်၍ Myint& Associates ၏ General Manager ဖြစ်သော ဦးစိုးခိုင်မှ

"ယခုကဲ့သို့ မြန်မာနိုင်ငံဆိုင်ရာ သြစတြေးလျသံရုံးနဲ့ ငှားရမ်းမှုစာချုပ်ချုပ်ဆိုနိုင်ခြင်းဟာ ကျွန်တော်တို့အတွက် အလွန်အရေးပါတဲ့အောင်မြင်မှုတစ်ခု ဖြစ်ပါတယ်။ သြစတြေးလျသံရုံးရဲ့ အဆောက်အအုံနဲ့ ပတ်သက်တဲ့လေ့လာဆန်းစစ်မှု (Due Diligence Process) တွေဟာ ကျယ်ကျယ်ပြန့်ပြန့် ခြုံငုံမှုရှိပြီး အင်မတန်အသေးစိတ်ကျပါတယ်။ ဒီလေ့လာဆန်းစစ်မှုတွေကို အောင်အောင်မြင်မြင် ကျော်ဖြတ်နိုင်ခဲ့တဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။Vantage Tower ရဲ့ စီမံအုပ်ချုပ်မှုနဲ့လည်ပတ်မှုအပိုင်းကတော့ သြစတြေးလျသံရုံး ပြောင်းရွှေ့အခြေချသည့်အချိန်မှသည်စ၍ မျှော်မှန်းထားသည်ထက် ပိုမိုတဲ့စိတ်ကျေနပ်မှုကို

ရရှိစေဖို့နဲ့ ရေရှည်ခိုင်မာတဲ့ ဆက်ဆံရေးတည်ဆောက်သွားဖို့ ရည်ရွယ်ထားပါတယ်” ဟု ပြောပါသည်။

Vantage Tower သည် ရုံးခန်းငှားရမ်းရန် ဧရိယာစတုရန်းပေ (၂၀,၀၀၀) ခန့် ကျန်ရှိပြီး ထိုအတွက် နိုင်ငံတကာမှ စိတ်ဝင်စားသူများနှင့် အခြားသောသံရုံးများမှ ကမ်းလှမ်းမှုများကို လက်ခံရရှိနေပါသည်။“Vantage Tower သည် ငှားရမ်းနေထိုင်သူများအတွက် မှန်ကန်ကောင်းမွန်တဲ့ ငွေကြေးသုံးစွဲမှု ဖြစ်စေမှာပါ။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ရဲ့ ငှားရမ်းခနှုန်းထားတွေက အကြောင်းမဲ့သတ်မှတ်ထားတာ မဟုတ်ဘဲ အဆောက်အဦရဲ့ အရည်အသွေး ၊ မြန်မာနိုင်ငံရှိ အဆောက်အဦများမှာ မရနိုင်တဲ့ ပံ့ပိုးမှုအင်္ဂါရပ်တွေရဲ့ အဆင့်အတန်း မြင့်မားမှုတို့ကို ထင်ဟပ်ပြသနေလို့ ဖြစ်ပါတယ်။ တာဝန်ယူတည်ဆောက်ခဲ့တဲ့ Myint & Associates Construction Company Limited အနေနဲ့ကလည်း အချိန်နဲ့တကွ အခြားအရင်းအနှီးများစွာ မြုပ်နှံပြီးတော့ လိုအပ်တဲ့ ယာဉ်ရပ်နားစခန်း၊ ငှားရမ်းသူတွေအတွက် စဉ်ဆက်မပြတ်လုပ်ငန်းလည်ပတ်မှုနဲ့ အနှောင့်အယှက်အတားအဆီးတစ်စုံတစ်ရာ လုံးဝမရှိစေဖို့ အလေးထားပြီး စနစ်တကျအကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်ပါတယ်” ဟု Mr. Hugo Slade က ဖြည့်စွက်ပြောဆိုပါသည်။

**မီဒီယာများ မေးမြန်းလိုပါက**


**1) Ms. Anastacia Howe**
**Head of CSR and Communications**
**MPRL E&P Pte Ltd.**
**Mobile: +959 974519987**
**anastacia.s.howe@mprlexp.com**

**2) Mr. Hugo Slade**
**Managing Director**
**Slade Property Services (Myanmar) Ltd**
**+95 (0) 1 381 609**
**hugo.slade@sps-myanmar.com**